ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
(၃၂)ရက်မြောက်နေ့**မှတ်တမ်း**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်)
[သောကြာနေ့]

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အစည်းအဝေး ပြီးဆုံးချိန်မှာ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်တဲ့အကြောင်း ကြိုတင်အသိပေးအပ်ပါတယ် ခင်ဗျား။

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၁။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၄.၆၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၄။

ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ၂၃-၃-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦး နဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ဖာပွန်မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ယွန်းစလင်းချောင်းမှ ရေကိုလည်းကောင်း၊ ဖာပွန်မြို့နယ်၊ ကမမောင်းမြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် သံလွင်မြစ်မှ ရေကိုလည်းကောင်း မြစ်ရေတင်စနစ်ဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် က ကရင်ပြည်နယ်၊ ဖာပွန်မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ယွန်းစလင်းချောင်းမှ ရေကိုလည်းကောင်း၊ ဖာပွန်မြို့နယ်၊ ကမမောင်းမြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် သံလွင်မြစ်မှ ရေကိုလည်းကောင်း မြစ်ရေတင်စနစ်ဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၇။

ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်ရေးအတွက် ကြယ်ပွင့်ပြမေးခွန်းများကို လေးစားစွာ မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်းတွေကတော့ (၁) ကရင်ပြည်နယ်၊ ဖာပွန်မြို့ပေါ် ရပ်ကွက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ယွန်းစလင်းချောင်းမှရေကို မြစ်ရေတင်စနစ်ဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ/မရှိ (၂) ဖာပွန်မြို့နယ်၊ ကမမောင်းမြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ

ရရှိရေးအတွက် သံလွင်မြစ်မှရေကို မြစ်ရေတင်စနစ်ဖြင့် ပိုမိုကောင်းမွန်ပြည့်စုံသော အစီအမံများဖြင့် သွယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းတို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖာပွန်မြို့ပေါ်နေပြည်သူတွေရဲ့ သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်စနစ်နဲ့ ဖြန့်ဖြူးပေးလျက်ရှိနေပါတယ်။ မြို့ရဲ့အထက် (၁)မိုင်ခန့်အကွာမှာ စမ်းချောင်းကရေကို ရေစုကန်ငယ်လေး တည်ဆောက်ပြီး (၆)လက်မပိုက်နဲ့ တိုက်ရိုက်သွယ်တန်းကာ မြို့ပေါ်ရပ်ကွက်(၂)ခုနဲ့ အခြေစိုက်တပ်ရင်း တစ်ရင်းတို့ကို သောက်သုံးရေ ဖြန့်ဖြူးပေးလျက်ရှိနေပါတယ်။ မြို့ပေါ်မှာ ရပ်ကွက်(၄)ခုရှိတဲ့အနက် ရပ်ကွက်(၂)ခုကိုပဲ မြို့ရေပေးရေးစနစ်နဲ့ ရေပေးဝေနိုင်ခဲ့ပါတယ်။ မြို့လယ်ကို ဖြတ်သန်းစီးဆင်းနေတဲ့ လယ်ကပေါ်ချောင်းဟာ စမ်းချောင်းငယ်လေးမျှသာ ဖြစ်တဲ့အတွက်ကြောင့် ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကာလတွေမှာ ရေအားအလွန်နည်းပြီးတော့ ကုန်းမြင့်ပိုင်းမှာရှိတဲ့ အိမ်ထောင်စုတွေကို ရေဖြန့်ဝေပေးနိုင်ခြင်း မရှိပါဘူး။ ရေစုကန်၊ ရေစစ်ကန်များ စနစ်တကျ တည်ဆောက်ထားနိုင်ခြင်း မရှိတဲ့အတွက် မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းတဲ့ နေ့ရက်တွေမှာ တောင်ကျရေတွေ ဒလဟောကျဆင်းလာပြီး ရေစုကန်ငယ်အတွင်းမှာ အမှိုက်သရိုက်များ၊ သဲများ ဆို့ပိတ်မှုကြောင့် ရေပေးဝေနိုင်ခြင်း မရှိတော့ပါဘူး။ မိုးစဲသွားမှပဲ အမှိုက်သရိုက်၊ သဲတွေကို ပြန်လည်ဖော်ထုတ် ရှင်းလင်းပြီး ရေပြန်ပေးရပါတယ်။ နွေကာလတွေမှာ ချောင်းရဲ့အထက်ပိုင်း တောင်ပေါ်တွေမှာ ဒေသဖွံ့ဖြိုးရေးလမ်းတွေ ဖောက်လုပ်မှုကြောင့် မိုးကာလတစ်လျှောက်လုံးမှာတော့ ရေပိုက်ကလာတဲ့ရေတွေဟာ သောက်သုံးလို့မရနိုင်တော့တဲ့ ရွှံ့ဗွက်ရေ၊ ရေနီတွေသာ ဖြစ်နေပါတော့တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ ကရင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းမှု အထိုက်အလျောက် ရရှိလာတဲ့အတွက် ဖာပွန်မြို့ပေါ်မှာ လူနေအိမ်ခြေတွေ တိုးပွားလာပါတယ်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ဌာနဆိုင်ရာ ရုံးတွေ၊ ဝန်ထမ်းအိမ်ရာတွေ တိုးပွားလာပါတယ်။ ကျန်းမာရေးကဏ္ဍမှာလည်း (၂၅)ခုတင်ဆံ့ဆေးရုံကနေ ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးလာခြင်းတို့ကြောင့် သောက်သုံးရေ လိုအပ်ချက်က ကြီးမားလာပါတယ်။ အခု လက်ရှိဆောင်ရွက်ပေးနေတဲ့ မြို့ရေပေးဝေရေးစနစ်နဲ့ဆိုရင် အဆင်ပြေလုံလောက်မှု မရှိနိုင်တော့ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်မြစ်ရဲ့ လက်တက်တစ်ခုဖြစ်တဲ့ ယွန်းစလင်းချောင်းဟာ ဖာပွန်မြို့ရဲ့ အနောက်ဘက်မှာကပ်လျက် စီးဆင်းနေပါတယ်။ အဲဒီချောင်းကရေကို မြစ်ရေတင်စနစ်ဖြင့် သွယ်ယူပြီး ရေစုကန်၊ ရေစစ်ကန်တွေကတစ်ဆင့် စနစ်တကျ ဖြန့်ဖြူးပေးနိုင်မယ်ဆိုရင် မြို့ပေါ်ရပ်ကွက် အားလုံးအပြင် မြို့အနီးမှာရှိတဲ့ တပ်ရင်းတပ်ဖွဲ့များသို့ပင် သန့်ရှင်းတဲ့ သောက်သုံးရေကို နောင်အရှည်သဖြင့် ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်း တင်ပြလိုတာကတော့ ဖာပွန်မြို့နယ်အတွင်းက မြို့တစ်မြို့ဖြစ်တဲ့ ကမမောင်းမြို့ဟာ ရပ်ကွက်(၄)ခု၊ အိမ်ခြေ(၂၀၀၀)နီးပါးနဲ့ လူဦးရေ(၁၀၀၀၀)ကျော် နေထိုင်တဲ့မြို့ ဖြစ်ပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းမှုနဲ့အတူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် တစ်နှစ်ထက်တစ်နှစ် လူဦးရေ တိုးပွားစည်ကားလာလျက်ရှိနေပါတယ်။ မြို့နေလူထုအတွက် သောက်သုံးရေကို လက်တူးတွင်းတွေနဲ့သာ အဓိကရယူ သုံးစွဲ

နေကြရပါတယ်။ ပူပြင်းတဲ့ နွေရာသီကာလတွေမှာ ရေတွင်းတွေ ခန်းခြောက်မှုကြောင့် သောက်သုံးရေ ပြတ်လပ်မှုနှစ်စဉ် ကြုံတွေ့နေရပါတယ်။

ယခင်အစိုးရများလက်ထက်ကတည်းက စက်ရေတွင်းများ တူးပေးခဲ့သော်လည်း ဒေသရဲ့ မြေသားအခြေအနေကြောင့် အောင်မြင်မှု မရရှိခဲ့ပါဘူး။ မြစ်ရေတင်စနစ်နဲ့ ရေအလွန်ခက်ခဲတဲ့ ရပ်ကွက်တွေကို ရေဖြန့်ဖြူးပေးနိုင်ခဲ့ပေမယ့်လည်း လွှမ်းခြုံမှု အနည်းငယ်သာ ပြုပေးနိုင်ခဲ့ပါတယ်။ ပြည်သူလူထုအများစုဟာ သံလွင်မြစ်ကရေကို ရေစည်တွန်းလှည်းနဲ့သယ်ယူခြင်း၊ အသင်းအဖွဲ့များ၊ အလှူရှင်များက မော်တော်ယာဉ်နဲ့ သယ်ယူလှူဒါန်းမှုကို အားကိုးအားထား ပြုနေကြရပါတယ်။ ကမမောင်းမြို့ဟာ သံလွင်မြစ်ရဲ့ကမ်းနဖူးပေါ်မှာ တည်ရှိတဲ့အတွက် သံလွင်မြစ်ကရေကို မြစ်ရေတင်စနစ်နဲ့ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ အစီအမံတွေနဲ့ သွယ်ယူဖြန့်ဖြူးပေးနိုင်မယ်ဆိုရင် မြို့နေလူထုရဲ့ သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်း(၂)ခုအား ဒေသခံပြည်သူများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံအတွင်း ခေတ်မီဖွံ့ဖြိုး တိုးတက်သာယာလှပသည့် မြို့များ ပေါ်ပေါက်လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၁။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံအတွင်း ခေတ်မီဖွံ့ဖြိုး တိုးတက်သာယာလှပသည့် မြို့များ ပေါ်ပေါက်လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၁။

ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကို မေးမြန်းရတဲ့ အကြောင်းရင်းကို ကျွန်တော် အနည်းငယ် ရှင်းပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အားလုံး သိရှိပြီးဖြစ်တဲ့အတိုင်း မြို့နယ်ပေါင်း(၃၃၀) ရှိပါတယ်။ ကျွန်တော်တို့ ဒီမြို့နယ်တွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ သီးခြားဘတ်ဂျက် ချထားပေးခြင်း မရှိဘဲနဲ့ သက်ဆိုင်ရာ မြို့နယ်မှာရှိတဲ့ အခွန်အကောက်မှ ရရှိတဲ့ငွေတွေကို အသုံးပြုပြီးတော့ မြို့ပြ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်နေရတာ ဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းတွေကို လေ့လာ ကြည့်မယ်ဆိုရင် မြို့တွင်းလမ်းတွေ ကတ္တရာခင်းပေးတယ်။ ကွန်ကရစ်လမ်း ခင်းပေးတယ်။ နောက် ရေပေးဝေရေးလုပ်ငန်းတွေ လုပ်ကိုင်ကြတယ်။ နောက် ရေစီးရေလာကောင်းဖို့ ရေမြောင်းတွေ

ဖောက်တယ်။ နောက် တံတားတွေ ဆောက်တယ်။ နောက် မြို့သန့်ရှင်းရေးလုပ်ငန်းတွေဖြစ်တဲ့ အမှိုက်သိမ်းစနစ်တွေ၊ မြို့သာယာလှပတဲ့စနစ် ဒီလုပ်ငန်းတွေကို တွေ့ရမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေကို အဓိက တာဝန်ယူလုပ်ကိုင်နေတာတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေပဲဖြစ်ပါတယ်။ ဒီစည်ပင်သာယာရေးအဖွဲ့တွေဟာ စောစောက ပြောသလိုပါပဲ။ ကျွန်တော်တို့ သက်ဆိုင်ရာမြို့နယ်အလိုက် ကောက်ခံရရှိတဲ့ အခွန်ဝင်ငွေတွေပေါ်မှာ မူတည်ပြီးတော့ပဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်ရတာ ဖြစ်ပါတယ်။ ဝင်ငွေများစွာရရှိတဲ့ မြို့တွေမှာတော့ မသိသာပေမယ့် ဝင်ငွေအနည်းငယ်သာရရှိတဲ့ မြို့နယ်တွေမှာတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် များစွာအခက်အခဲ ရှိပါတယ်။ ဝင်ငွေအနည်းငယ်သာရရှိတဲ့အတွက် ဝန်ထမ်းတွေ စီမံခန့်ခွဲတဲ့စရိတ်လောက်သာ ရရှိတဲ့အတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ဝင်ငွေနည်းတဲ့မြို့တွေမှာ အများကြီးနောက်ကျ ကျန်နေရစ်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥပမာ မြို့တွင်းလမ်း မိုင်(၄၀)လောက်ရှိတဲ့မြို့တစ်မြို့မှာ လက်ရှိကတ္တရာခင်းပြီးသားက (၁၀)မိုင်လောက်ရှိပါတယ်။ ဒါဆို ကတ္တရာလမ်းခင်းပေးဖို့က မိုင်(၃၀)လောက် ကျန်သေးတာ ဖြစ်ပါတယ်။ ဒီစည်ပင်သာယာရေးအဖွဲ့တွေအနေနဲ့ (၁)နှစ်ကို (၁)မိုင်လောက်သာ ကျွန်တော်တို့ ကတ္တရာလမ်းတို့၊ ကွန်ကရစ်လမ်းတို့ ခင်းပေးနိုင်တဲ့အနေအထားဖြစ်တဲ့အတွက် ဝင်ငွေနည်းတဲ့မြို့တွေဟာ ဆိုရင် နောင်နှစ်ပေါင်း သုံးလေးဆယ်ကြာမှသာလျှင် မြို့တွင်းလမ်းတွေဟာ ကတ္တရာလမ်းတွေ ဖြစ်လာမှာတွေ့ရပါတယ်။ ကျွန်တော်တို့မြို့တွေကို လေ့လာကြည့်မယ်ဆိုရင်လည်း လိုအပ်ချက်ပေါင်း များစွာကို တွေ့ရမှာဖြစ်ပါတယ်။ တိုးတက်လာတဲ့ ဒီလူဦးရေနဲ့အညီ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းတွေ၊ သန့်ရှင်းရေးလုပ်ငန်းတွေ စတဲ့ လုပ်ငန်းတွေဟာလည်း များစွာ လိုအပ်နေပါသေးတယ်။ ယနေ့ ပြည်သူတွေအနေနဲ့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုလုပ်ဆောင်ဖို့ တောင်းဆိုလာတဲ့အခါမှာ ဝင်ငွေနည်းတဲ့၊ ဝင်ငွေမရှိတဲ့ စည်ပင်သာယာရေးအဖွဲ့တွေအနေနဲ့ လက်ပိုက်ကြည့်နေရုံမှတစ်ပါး အခြားမရှိပါဘူး။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့လို အခြားဝန်ကြီးဌာနတွေမှာ တစ်နှစ်၊ တစ်နှစ်မှာ ပြည်ထောင်စု ဘတ်ဂျက်က တစ်မျိုး၊ တိုင်းဒေသကြီး ဘတ်ဂျက်က တစ်မျိုးနဲ့ ကျွန်တော်တို့ တစ်နှစ်၊ တစ်နှစ်မှာ တစ်မြို့အတွက် ကျပ်ဘီလီယံနဲ့ချီပြီးတော့ သုံးစွဲနေတဲ့အချိန်မှာ ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့တွေမှာတော့ နှစ်စဉ် သိန်းရာဂဏန်းလောက်နဲ့သာ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်နေရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအတိုင်းသာ ဆက်သွားမယ်ဆိုရင် နောက်ဝင်ငွေနည်းတဲ့မြို့လေးတွေဟာ နောက် နှစ်သုံးလေးဆယ် အတွင်းမှာ ဘာမှထူးခြားမှု ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ သင့်တော်တဲ့ ရန်ပုံငွေ တစ်ရပ်ကနေပြီးတော့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်ပေးမယ်ဆိုရင်တော့ အမြန်ဆုံး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့မြို့တွေ ဖြစ်လာနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာက တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ သာယာလှပတဲ့မြို့များ ပေါ်ပေါက်လာဖို့ နိုင်ငံတော်အစိုးရအနေနဲ့ မည်သို့အစီအမံတွေနဲ့ ဆောင်ရွက်နေသည်ကို သိရှိလို၍ ရိုသေစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀း၁၅။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင် က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၅။

ဖြေကြားချက်

ဦးအောင်မြင့်ထွန်း (နေပြည်တော်ကောင်စီဝင်)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးမြန်းတဲ့ မေးခွန်း(၂)ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရများရဲ့ကိုယ်စား ကျွန်တော် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း က လာရောက်ဖြေကြားတာ ဖြစ်ပါတယ်။ အားလုံးကို မင်္ဂလာပါလို့လည်း နှုတ်ဆက်ပါတယ်ခင်ဗျား။ ပထမဆုံး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းသန်းနိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကရင်ပြည်နယ်က ဖြေကြားပေးတာကတော့ ဦးစိုင်းသန်းနိုင် ရဲ့ မေးမြန်းချက်ကို သူတို့လက်ခံပါတယ်ခင်ဗျား။ အဲဒီတော့ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်အတွင်းမှာရှိတဲ့ ဖာပွန်မြို့နှင့် ကမမောင်းမြို့ပေါ် ရပ်ကွက်တွေမှာ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဖာပွန်မြို့အား ယွန်းစလင်းချောင်းမှ ရေကိုလည်းကောင်း၊ ကမမောင်းမြို့အား သံလွင်မြစ်မှ ရေကိုလည်းကောင်း ရယူသုံးစွဲဖို့ရန် သူတို့လည်း အစီအမံရှိတယ်လို့ ပြောပါတယ်ခင်ဗျား။

အဲဒီလို သုံးစွဲတဲ့နေရာမှာ ပွန်တွန်း မော်တာပန့်တပ်ဆင်ပြီးတော့ အနည်ထိုင်ကန် လုပ်ရမယ်။ နောက် အကြမ်းစစ်ကန်လုပ်ရမယ် ။ နောက် အနှေးစစ်ကန် အဆင့်ဆင့် သန့်စင်ပြီးပါက ရေကြည်ကန်မှ တစ်ဆင့် ဖိအားသုံး မော်တာပန့်များနဲ့ တိုက်ရိုက်တွန်းပို့တဲ့စနစ်မျိုးကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ မြို့ရေပေးရေးလုပ်ငန်းဟာ လျှပ်စစ်ဓာတ်အားနဲ့ ဆောင်ရွက်ရတဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ဖာပွန်မြို့နှင့် ကမမောင်းမြို့တို့ဟာ ပင်မလျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိနေပါပြီ။ အဲဒီလို ဆောင်ရွက်လျက်ရှိနေတဲ့အတွက် အဲဒီဓာတ်အားပေးလိုင်း သွယ်တန်းပြီးစီးမယ်ဆိုလို့ရှိရင် ပြီးစီးတာနဲ့တစ်ပြိုင်နက် မြို့ရေပေးဝေရေးလုပ်ငန်းကို ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့အတိုင်းပဲ သူတို့ စီစဉ်ဆောင်ရွက်ပါမယ်၊ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ ပထမ ကိုယ်စားလှယ်တော်ကြီးကို ဖြေကြားတာပါ။

နောက် ဒုတိယ ကိုယ်စားလှယ်တော်ကြီးကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များရဲ့ ပေါင်းစပ်ညှိနှိုင်း ဖြေကြားချက်ကို ကျွန်တော်တို့ နေပြည်တော်ကောင်စီက တာဝန်ယူဖြေကြားရတာ ဖြစ်ပါတယ်။ ဒီလို မဖြေကြားခင်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို ကျွန်တော်တို့ မေးမြန်းပါတယ်။ မေးမြန်းတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို မှန်တာတော့ မှန်နေပါတယ်။ ကယားပြည်နယ်မှာဆိုလို့ရှိရင် သူတို့ ရန်ပုံငွေထဲက ၂၀၁၆-၂၀၁၇ မှာ ဆိုလို့ရှိရင် ရတာက ကျပ်(၁၀၄၁)သန်းပဲ ရပါတယ်။ သူတို့စိုက်ပေးရတာက ကျပ်(၄၄၇၇)သန်း စိုက်ရပါတယ်။ နောက်အဲဒီလိုပါပဲ ၂၀၁၇-၂၀၁၈ မှာလည်းပဲ ရတာက ကျပ်(၁၄၈၁)သန်း စိုက်ရတာက

ကျပ်(၇၀၆၂.၆)သန်း စိုက်ရပါတယ်။ အဲဒီလိုပါပဲ တနင်္သာရီတိုင်းဒေသကြီးမှာလည်းပဲ တော်တော်များများ စိုက်နေရပါတယ်။ နောက် ပဲခူးတိုင်းဒေသကြီးမှာလည်း စိုက်ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ နေရာဖြစ်တဲ့ မကွေးတိုင်းဒေသကြီးမှာလည်း အဲဒီလို စိုက်ရတာပါပဲ။ မြို့နယ်အားလုံးပေါင်း ၂၀၁၆-၂၀၁၇ မှာ မြို့နယ်(၂)မြို့နယ်အတွက် တိုင်းဒေသကြီးက ရန်ပုံငွေ ခွဲဝေပေးနိုင်တာက ကျပ်(၆၄၈.၃၅)သိန်းပဲ ဖြစ်ပါတယ်။ ရရှိတဲ့ အခွန်ငွေထဲကနေပြီးတော့ (၁၉)မြို့နယ်ကို ကျပ်(၅၆၂.၁၇၂)သိန်းပဲ ပေးနိုင်ပါတယ်။ ၂၀၁၇-၂၀၁၈ မှာလည်း (၃)မြို့နယ်ကို ကျပ်(၁၀၅၂)သန်းပဲ ပေးနိုင်ပါတယ်။ ကုန်သွယ်ခွန်ကနေရရှိတဲ့ ငွေတွေထဲကနေပြီးတော့ (၂၄)မြို့နယ်ကို ကျပ်သိန်း(၄၀၀)၊ ဆောမြို့နယ်ကို စုစုပေါင်း ကျပ်သိန်း(၂၀၀) အဲဒီလောက်သာ ပေးနိုင်ပါတယ်။

နောက် တခြားပြည်နယ်၊ တိုင်းဒေသကြီးတွေမှာလည်းပဲ အဲဒီလိုပဲ၊ မွန်ပြည်နယ်တို့၊ ကျန်တဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ အခွန်ဘဏ္ဍာဘတ်ဂျက်တွေထဲကနေပြီးတော့၊ ရရှိတဲ့ အခွန်ထဲကနေပြီးတော့ စိုက်သုံးနေကြရတာ ဖြစ်ပါတယ်။ တကယ်တမ်းပြောရရင်တော့ နေပြည်တော်ရယ်၊ မန္တလေးတိုင်းဒေသကြီးက မန္တလေးရယ်၊ ရန်ကုန်တိုင်းဒေသကြီးက ရန်ကုန်ရယ်ကတော့ မြို့ကြီးများ ဖြစ်တဲ့အတွက် သူတို့မှာ JICA နဲ့ ညှိနှိုင်းပြီးတော့ ၂၀၄၀ ခုနှစ်ထိအောင် ဆွဲထားနိုင်တဲ့ Plan တွေ ရှိနေပါတယ်။ ကျန်တဲ့ မြို့နယ်တွေမှာတော့ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း မရှိပါဘူးခင်ဗျား။ အဲဒီတော့ မရှိတော့၊ ဒီမှာ ဖော်ပြထားတာတော့ နံပါတ်(၁)က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့ ရန်ပုံငွေတောင်းခံနိုင်ဖို့ရာ ဆိုတဲ့ဟာက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ၁၆၊ ၂၀၁၀ မှာ ပုဒ်မ ၃၅ မှာ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျှာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေအရ မိမိတို့ရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စု ဘဏ္ဍာငွေမှရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ယူကာ ထောက်ပံ့ပေးနိုင်တယ်လို့ ဖော်ပြထားပါတယ်။

အခုဟာကတော့ မန္တလေးတို့၊ ရန်ကုန်တို့၊ နေပြည်တော်တို့အပြင် ဥပမာ စစ်ကိုင်းဒေသကြီးမှာ ဆိုလို့ရှိရင် သူက မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ကလေး၊ တမူးတွေမှာ သူတို့ စည်ပင်သာယာရေးဥပဒေတွေနဲ့ မြို့ရွာတိုးတက်ဖွံ့ဖြိုးရေးကို ရေးဆွဲထားတာ ရှိပါတယ်။ ကျွန်တော် အခု အကုန်လုံးဖတ်ကြည့်တော့၊ ခြုံကြည့်လိုက်တော့ ကျန်တဲ့ မြို့နယ်တွေများကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ မြို့ရွာအိုးအိမ် တိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆွဲတဲ့ Town Plan နဲ့ပဲ သွားနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီးတင်ပြတာလည်း မှန်ပါတယ်။ ရတဲ့ငွေက နည်းတယ်၊ အသုံးစရိတ်ကများတယ် ဆိုတော့၊ အဲဒါဟာ ကျွန်တော်တို့တင်ပြရရင် ကိုယ်စားလှယ်တော်ကြီးကို ပြည်ထောင်စုအစိုးရရဲ့ကိုယ်စား တင်ပြရမယ်ဆိုလို့ရှိရင်တော့ ဒီကိစ္စက နည်းနည်းလေးတော့ ခက်ပါတယ်ခင်ဗျား။ ခက်တာက ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)အရ စည်ပင်သာယာရေးလုပ်ငန်းတွေဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို ခွဲဝေပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှာ စည်ပင်သာယာကိစ္စနှင့်ပတ်သက်၍ Focal Ministry ပေါ့။ မရှိဘူးခင်ဗျား။ အဲဒီမရှိတဲ့အတွက် ကျွန်တော်တို့က တိုက်တွန်းရတာ အတော်ခက်ပါတယ်။

နောက်တစ်ခါ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုတာကတော့ ဆောက်လုပ်ရေးမှာ သူက ပြည်ထောင်စုအစိုးရမှာ Focal Ministry ရှိနေတဲ့အတွက် သူ့မှာ ပြည်ထောင်စုအစိုးရ ရန်ပုံငွေနဲ့ တိုင်းဒေသကြီးအဖွဲ့က ရန်ပုံငွေတွေ ရှိနေတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ပြည်ထောင်စု အစိုးရအဖွဲ့မှာ အဲဒီလို Focal Ministry မရှိတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ကတော့ သီးခြားမြို့ရွာတိုးတက်ဖွံ့ဖြိုးရေးများကို လမ်းညွှန်ထားတာတော့ မရှိပါဘူး။ သို့ရာတွင် ကျွန်တော်တို့ သိသလောက်ကတော့ အားလုံးကို ဆွဲခိုင်းနေတာကတော့ JICA အစီအစဉ်နဲ့ မန္တလေးတို့၊ ရန်ကုန်တို့၊ နေပြည်တော်တို့ဆိုလို့ရှိရင် ၂၀၄၀ အထိအောင် ရည်မှန်းပြီးတော့ ဆွဲခိုင်းထားတဲ့ Project တွေ၊ ကျွန်တော်တို့ မြို့ရွာဖွံ့ဖြိုးရေး၊ တိုးတက်ရေးနဲ့ပတ်သက်တဲ့ Project တွေ ရှိပါတယ်။ အဲဒီလိုပဲ တချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်း Project တွေက (၃)နှစ်စာ ဆွဲထားတဲ့ ဟာမျိုးတွေ ရှိတယ်လို့ ကျွန်တော်တို့ကို ပြန်လည်ဖြေကြားထားတာ ရှိပါတယ်။ အဲဒီတော့ ရရှိတဲ့ ရန်ပုံငွေများအရ ဆောင်ရွက်ရတဲ့ ကိစ္စရပ်တွေမှာ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီး စိတ်ပူသလို ဒီလို Awareness ပေးတာလည်း ကောင်းပါတယ်။ မြို့ရွာတိုးတက်ဖွံ့ဖြိုးရေးတွေဟာ ဘယ်အချိန်မှာမှ အဲဒီလောက် ဖြစ်လာနိုင်မလဲဆိုတာ ဒါလည်း အမှန်ဖြစ်ပါတယ်။ အဲဒီတော့ ဒီ Awareness နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုဆောင်ရွက်ကြမလဲ ဆိုတဲ့အချက်ကိုတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့က အစိုးရ ဌာန ကျွန်တော်တို့ ဒီ အစိုးရများမှာရှိတဲ့ စည်ပင်သာယာရေးဝန်ကြီးများကို ကျွန်တော် တစ်ဆင့် ပို့ပြီးတော့ ဘဏ္ဍာငွေ ရရှိနိုင်သမျှ ရရှိအောင် တောင်းခံနိုင်မှုနှင့် နောက်တစ်ခါ ပြည်နယ်က ဇယား(၅)အရ ကောက်ခံရရှိတဲ့ အခွန်တော်ငွေများထဲကနေပြီးတော့ ပိုမိုပြီးတော့ သုံးစွဲနိုင်လောက်တဲ့ နည်းလမ်းလေးတွေ ရှာဖွေဖို့ရာ ကျွန်တော်တို့ ညှိနှိုင်းအကြောင်းကြားပြီးတော့ပေးပါမယ် ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ လေးစားစွာ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

အချိန်၊ ၁၀း၂၄။

ဥက္ကဋ္ဌ။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ နေပြည်တော်ကောင်စီဝင် မိမိ အစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

အချိန်၊ ၁၀း၂၄။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက် ၁၇-၁၁-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက် ၂-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

အချိန်၊ ၁၀း၂၅။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉ - ၃ -၂၀၁၈ (ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း တင်သွင်းနိုင်ပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

အချိန်၊ ၁၀း၂၅။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၆။

ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် (အတွင်းရေးမှူး၊ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှ

သတ္တမပုံမှန်အစည်းအဝေးအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် ကော်မတီရဲ့ အတွင်းရေးမှူးဖြစ်သူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် မှ လွှတ်တော်သို့ လေးစားစွာဖြင့် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၂၆။

ဥက္ကဋ္ဌ။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

အချိန်၊ ၁၀း၂၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု တိုင်းရင်းသားရေးရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

အချိန်၊ ၁၀း၂၈။

ဦးနိုင်သီဟ (အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာကော်မတီ)။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး ပျော်ရွှင်ကြည်နူးကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးကာလ ၁-၃-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့ထိ

ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုများနဲ့ သုံးသပ်ချက်များကို လွှတ်တော်သို့ ဖတ်ကြားအစီရင်ခံတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အစီရင်ခံစာရဲ့ တချို့အချက်များကို ကောက်နုတ်တင်ပြ ဖတ်ကြားသွားမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်
ပဉ္စမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း
တိုင်းရင်းသားရေးရာကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

နိဒါန်း

၁။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီကို အမျိုးသားလွှတ်တော်ရဲ့ ၁၈ - ၂ - ၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားရေးရာကော်မတီ၌ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ အစား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ အားလည်းကောင်း၊ အဖွဲ့ဝင်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး အစား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမင်းနိုင် အားလည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစခုန်တိန့်ယိန်း အစား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးယောနာ အားလည်းကောင်း ၁၄-၃-၂၀၁၇ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၉/၂၀၁၇) ဖြင့် ပြန်လည်အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီ၏ဆောင်ရွက်ချက်များ

၄။ (က) **ကော်မတီအစည်းအဝေးများပြုလုပ်ခြင်း**

၁-၃-၂၀၁၇ ရက်နေ့မှ ၂၇-၂-၂၀၁၈ ရက်နေ့အထိ တိုင်းရင်းသားရေးရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ ပါသည်။ ကော်မတီမှ ဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် အခမ်းအနားများသို့ တက်ရောက်ခြင်း (၄၉)ကြိမ်အပါအဝင် Call တွေ့ဆုံခြင်း (၅)ကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

(ခ) **ဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် အခမ်းအနားများသို့တက်ရောက်ခြင်း**

ဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ ၂၃-၃-၂၀၁၇ ရက်နေ့နှင့် ၂၄-၃-၂၀၁၇ ရက်နေ့တို့တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဦးစီးကျင်းပပြုလုပ်သော တိုင်းရင်းသားစာပေ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၁)ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ၂၂-၆-၂၀၁၇ ရက်နေ့မှ ၂၃-၆-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော အစိုးရ၊ လွှတ်တော်နှင့် တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုဆွေးနွေးမှုဖြင့် နည်းဥပဒေမူကြမ်းရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ဒုတိယအကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၁)ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ညှိနှိုင်း

အစည်းအဝေးတက်ရောက်ခြင်း၊ ၂၆-၆-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနခွဲ ကျင်းပပြုလုပ်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ အဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံ၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ ညှိနှိုင်းအစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌ တက်ရောက်ခဲ့ပါသည်။

(ဂ) **Call တွေ့ဆုံခြင်း**

(၁) ၈-၃-၂၀၁၇ ရက်နေ့တွင် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် ILO (Yangon) မှ Mr. Selim Benaissa Chief Technical Advisor ဦးဆောင်သောအဖွဲ့က အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် (I-14) အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံခဲ့ပါသည်။

(၂) ၃၁-၅-၂၀၁၇ ရက်နေ့တွင် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၉)ဦးတို့သည် ဒေသခံလူမှုရေးအဖွဲ့(၉)ဖွဲ့ဖြင့် ဖွဲ့စည်းထားသော ပူးပေါင်းလုပ်ငန်းစဉ် အဖွဲ့(JST)က အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-14) အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံခဲ့ပါသည်။

(၃) ၁၆-၂-၂၀၁၈ ရက်နေ့တွင် (J)ဆောင် ဥက္ကဋ္ဌ (Call) ခန်းမ၌ ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံပွဲ (Call) သို့ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၂)ဦး တက်ရောက်ခဲ့ပါသည်။

(ဃ) **တနင်္သာရီတိုင်းဒေသကြီးခရီးစဉ်**

(၁) တိုင်းရင်းသားရေးရာကော်မတီမှ ကော်မတီဝင်(၆)ဦးတို့သည် တနင်္သာရီတိုင်းဒေသကြီးနယ်မြေသို့ ဆလုံလူမျိုးများ၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် ဒေသခံများ၏ လူမှုစီးပွားရေးအခြေအနေများ လေ့လာရန် ၉-၂-၂၀၁၈ ရက်နေ့မှ ၁၅-၂-၂၀၁၈ ရက်နေ့အထိ ကွင်းဆင်းလေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

(၂) ထိုသို့ သွားရောက်စဉ်ကာလအတွင်း ကော့သောင်းခရိုင်ရှိ မကြံ့ဂလက်ကျွန်း၊ ဂျလန်းကျွန်း၊ ဇာဒက်ကြီးကျွန်းများတွင် နေထိုင်သော ဆလုံလူမျိုးများနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝလေ့လာခြင်း၊ ဒေသဖွံ့ဖြိုးနိုင်သည့် အရင်းအမြစ်များလေ့လာခြင်း၊ မြိတ်ဒေသရှိ ဒေသခံများ၏ လူမှုစီးပွားရေးဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ထားဝယ်ဒေသရှိ ဒေသခံများနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေး စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များကို လေ့လာခဲ့ပါသည်။

(c) **လေ့လာရေးခရီးစဉ်အပေါ် သုံးသပ်ချက်များ**

(၁) ဆလုံလူမျိုးများ၏ လုပ်အားနှင့် ရပိုင်ခွင့်များအပေါ် ခေါင်းပုံဖြတ်ခံရပြီး အခွင့်အရေး ဆုံးရှုံးနေမှုများကို ကာကွယ်ရန်၊

(၂) ဆလုံတိုင်းရင်းသားများ၏ သီးသန့်အခြေချနေထိုင်နိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်၊

(၃) မူးယစ်ဆေးဝါးနှင့် အရက်သုံးစွဲနေမှုကြောင့် ဆလုံအမျိုးသားများဦးရေ နည်းပါးလာမှုကို ကာကွယ်ပေးနိုင်ရန်၊

(၄) စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းရှိမှသာ တိုင်းရင်းသားအဖြစ် ရပ်တည်နိုင်မည်ဖြစ်၍ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းဖော်ထုတ်ပေးနိုင်ရန်၊

(၅) ဆလုံတိုင်းရင်းသားများ၏ ပညာရေးအတွက် အလေးထား ဆောင်ရွက်ပေးနိုင်ရန်၊

(၆) တရားမဝင် ကင်းမွန်မီးထွန်းလှေများ၊ တရွတ်ဆွဲပိုက်လှေများကြောင့် သယံဇာတ ပြုန်းတီးမှုများကို ကာကွယ်တားဆီးပေးရန်၊

(၇) ဆလုံလူမျိုးစုများအား လွတ်လပ်စွာငါးဖမ်းခွင့်၊ ငါးနှင့် ကင်းမွန်မွေးမြူရေးဇုန်များ သတ်မှတ်ပေး၍ လွတ်လပ်စွာ ဆောင်ရွက်ခွင့်များ ဖန်တီးပေးရန်။

ကော်မတီ၏အကြံပြုချက်များ

၅။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကော်မတီရဲ့အကြံပြုချက်များကို ဆက်လက်တင်ပြပါ့မယ်။ လက်ရှိနိုင်ငံတော် အခြေအနေအရ တိုင်းရင်းသားရေးရာကိစ္စဟာ အရေးပါတဲ့ကဏ္ဍတစ်ရပ် ဖြစ်တဲ့အတွက်ကြောင့် ကော်မတီရဲ့ လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်သော်လည်းကောင်း၊ လိုအပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုများ ကူညီလုပ်ဆောင်နိုင်ရန် သော်လည်းကောင်း၊ တိုင်းရင်းသားဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ပိုမို ဖော်ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနည်းဥပဒေကို ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

နိဂုံး

၆။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာ ဓလေ့များကို ဖော်ဆောင်၍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးမည့် ကော်မတီ တစ်ရပ်ဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၊

ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကြိုးစားထမ်းဆောင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

တိုင်းရင်းသားရေးရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

အချိန်၊ ၁၀း၃၆။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

အချိန်၊ ၁၀း၃၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

အချိန်၊ ၁၀း၃၈။

ဒေါ်မမလေး (အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မမလေးမှ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်သဖြင့် အနှစ်ချုပ်ကိုသာ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြပါ့မယ်ရှင်။

အမျိုးသားလွှတ်တော်
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏
လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

ကော်မတီ၏ဆောင်ရွက်ချက်များ

၂။ (က) ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၁၂-၇-၂၀၁၇ ရက်၊ ၁၇-၁၁-၂၀၁၇ ရက်၊ ၁၈-၁-၂၀၁၈ ရက်နှင့် ၂၈-၂-၂၀၁၈ ရက်တို့တွင် (၄)ကြိမ် ကျင်းပခဲ့ပါတယ်။

(ခ) ၂၇-၇-၂၀၁၇ ရက်တွင် အမျိုးသားလွှတ်တော်၊ J ဆောင် ထမင်းစားခန်းမတွင် အမျိုးသား မြန်မာ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (CESD)မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသန တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ယင်းဆွေးနွေးပွဲမှ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်ကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်**

(ကက) လက်ရှိ ငါးမွေးမြူရေးလုပ်ငန်းတွင် လုပ်ငန်းရှင်ကြီး အနည်းစုက ငါးကန်ဧရိယာအများကို ပိုင်ဆိုင်လျက်ရှိကြောင်း

(ခခ) စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးတွင် ငါးမွေးမြူရေးက မြေတစ်ယူနစ် အပေါ်တွင် အလုပ်သမား အလုပ်အကိုင် ပိုမိုရရှိပြီး ဝင်ငွေ ပိုမိုရရှိကြောင်း

(ဂဂ) ဒေသအလျောက် ပိုမိုအကျိုးဖြစ်ထွန်းသည့်လုပ်ငန်းကို ဦးစားပေး လုပ်ဆောင်သင့်ကြောင်း

(ဃဃ) အလုပ်သမား ရှားပါးမှုပြဿနာအတွက် စက်ပစ္စည်းများကို တွင်ကျယ်စွာသုံးနိုင်ရေး အားပေးမြှင့်တင်သင့်ကြောင်း သုံးသပ်ရပါသည်။

(၄) **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း) အား ဆွေးနွေးခြင်း**

(၁) ၇-၈-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ J ဆောင် ထမင်းစားခန်းမတွင် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲမှ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်ကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်**

(ကက) အဆိုပြု ဥပဒေကြမ်းသည် ခေတ်ကာလနှင့် လျော်ညီစွာ ပြဋ္ဌာန်းသင့်ကြောင်း။

(ခခ) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥပဒေကို ကျစ်လျစ်သိပ်သည်းရန် လိုအပ်သည်ဟု လမ်းညွှန်ထားသဖြင့် လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

(ဃ) **မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခြင်း**

(၁) ၁၆-၈-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ J ဆောင် ထမင်းစားခန်းမတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲမှ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်ကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်**

(ကက) ငါးမွေးမြူရေးလုပ်ငန်းအတွက် ဘဏ်များမှ အရင်းအနှီး ထုတ်ပေးရန်နှင့် မြေယာဥပဒေတွင် ငါးမွေးမြူရေးအတွက် မြေအသုံးချရေး မူဝါဒပြောင်းလဲပြီး အခြားနည်း အသုံးပြုခွင့် ထုတ်ပေးရန် အရေးကြီး လိုအပ်ကြောင်း။

(ခခ) စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုမှ စက်မှုကဏ္ဍနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်း။

(ဂဂ) ဗီယက်နမ်နိုင်ငံ၏ ငါးမွေးမြူရေးအပြောင်းအလဲနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသင့်ကြောင်း။

(ဃဃ) တောင်သူလယ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ လယ်ယာမြေဥပဒေတွင် တိရစ္ဆာန်နှင့် ငါးမွေးမြူရေးအတွက် မြေယာအသုံးချခွင့် တိကျစွာပေးရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

(c) **Ever Green Group (EGG) မှ မြန်မာ့ရေလုပ်သားများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း**

(၁) ၁၇.၈.၂၀၁၇ ရက်တွင် အမျိုးသားလွှတ်တော်၊ J ဆောင် ထမင်းစားခန်းမတွင် Ever Green Group (EGG) မှ မြန်မာ့ရေလုပ်သားများ ကျွန်ပြုခိုင်းစေခံရခြင်းနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲမှာ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်များကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်များ**

(က က) မြန်မာနိုင်ငံတွင် ရေလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ငါးလေလံစျေးများရှိရန် လိုအပ်ကြောင်း။

(ခ ခ) မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံတော်၏ စည်းကမ်းသတ်မှတ်ချက်များ နှင့်အညီ ပုဂ္ဂလိက ပင်လယ်ငါးဖမ်း အကျိုးတော်ဆောင်လုပ်ငန်းများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုသင့်ကြောင်း။

(ဂ ဂ) ငါးဖမ်းစက်လှေများအား စည်းကမ်းသတ်မှတ်ချက်များနှင့် လိုင်စင်များ စိစစ်ချပေးပြီး (VMS) စနစ် တပ်ဆင်ပေးသင့်ကြောင်း။

(ဃ ဃ) ရေလုပ်သားများ တရားဝင် ရေလုပ်သားမှတ်ပုံတင် ထုတ်ပေး၍ နည်းပညာများ၊ သင်တန်းများ စီစဉ်ပေးသင့်ကြောင်း။

(င င) ILO စည်းကမ်းချက်များနှင့်အညီ မြန်မာနိုင်ငံပင်လယ်ပြင် ငါးလုပ်ငန်း အလုပ်ရှင်နှင့် အလုပ်သမားဥပဒေ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန် ပေးသင့်ကြောင်း သုံးသပ်ရပါသည်။

(စ) **ကြက်ဥ၊ ကြက် သယ်ယူပို့ဆောင်မှု တားမြစ်ခြင်း၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းအပေါ် ဆွေးနွေးခြင်း**

(၁) ၂၃.စ.၂၀၁၇ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြက်ဥ၊ ကြက် သယ်ယူပို့ဆောင်မှု တားမြစ်ခြင်း၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်လျက်ရှိခြင်းကြောင့် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ ထိခိုက်နေခြင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှာ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်များကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်များ**

(က က) ကျွန်းမာရေးဆိုင်ရာ၊ မွေးမြူရေးဆိုင်ရာ ပညာရပ်များအပေါ် အခြေခံ၍ စနစ်တကျ ကန့်သတ်ခြင်းမဟုတ်ဘဲ နယ်မြေအသီးသီး၏ အခြေအနေအရ စိုးရိမ်မှုပေါ်မူတည်၍ ကန့်သတ်ခြင်းဖြစ်ခဲ့ပြီး ကြက်မွေးမြူရေးလုပ်ငန်းထိခိုက်မှုရှိခဲ့ခြင်း ဖြစ်ကြောင်း။

(ခ ခ) နောင်တွင်ယခုကဲ့သို့ ချို့ယွင်းချက်၊ အားနည်းချက်များ မပေါ်ပေါက်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများအပြင် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လုပ်ငန်းရှင်များ ပါဝင်သော (PPP- Private Public Partnership) များနှင့်

မည်သို့ ဆောင်ရွက်သင့်သည်ကို ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

(ဆ) **မြန်မာနိုင်ငံ စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးမူဝါဒ ဆွေးနွေးခြင်း**

(၁) ၂၄.၁၀.၂၀၁၇ ရက်တွင် အမျိုးသားလွှတ်တော်၊ J ဆောင် ထမင်းစားခန်းမတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးတိုးချဲ့ပညာပေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးမူဝါဒ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲမှ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်ကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်**

(က က) ပူးပေါင်းပါဝင်သည့် သုတေသနလုပ်ငန်းနှင့် တိုးချဲ့ပညာပေး လုပ်ငန်းစဉ်ဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းပေးရန် လိုအပ်ကြောင်း။

(ခ ခ) ဒေသအလိုက်လိုအပ်ချက်ကို အကဲဖြတ်ရန်၊ တိုးချဲ့ပညာပေးလုပ်ငန်းများအတွက် တောင်သူအဖွဲ့အစည်းများကို တိုးချဲ့ အသုံးပြုသင့်ကြောင်း။

(ဂ ဂ) ပိုင်ဆိုင်မှု နည်းပါးသည့် တောင်သူနှင့် အမျိုးသမီးတောင်သူများကို အဓိက ဦးတည်၍ စိုက်ပျိုးရေးပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သင့်ကြောင်း။

(ဃ ဃ) စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ယခုထက်ပို၍ တိုးမြှင့်သင့်ကြောင်း။

(င င) ပဂ္ဂလိကကဏ္ဍနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပို၍ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း။

(စ စ) လုပ်ငန်းဆောင်ရွက်မှု၊ စွမ်းဆောင်ရည်ကို အခြေခံသည့် ရာထူးတိုးမြှင့်ခြင်းနှင့် ဆုချီးမြှင့်ခြင်းလုပ်ငန်းများကိုလည်း ကျင့်သုံးသင့်ပါကြောင်း။

(ဆ ဆ) တိုးချဲ့ပညာပေးဝန်ထမ်းများအတွက် နည်းပညာနှင့် သက်ဆိုင်သည့် သင်တန်းများ ပို၍လိုအပ်ကြောင်း။

(ဇ ဇ) တောင်သူပညာပေး လုပ်ငန်းများတွင် နည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများအတွက် ရန်ပုံငွေလိုအပ်ကြောင်း။

(စျ စျ) တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အလိုက် ပဉ္စလိကကဏ္ဍများ၊ အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်တွင်ရှိသော ဝန်ထမ်းများနှင့် တောင်သူများအားလုံး ပါဝင်ပြီး ဗဟိုချုပ်ကိုင်မှု မရှိသည့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ဆောင်ရွက်သင့်ကြောင်း။

(ညည) ဝေးလံသောဒေသများတွင် ငွေ၊ လူ၊ ပစ္စည်းစသည့် သယံဇာတများ၊ လူသားအရင်းအမြစ်များ ပို၍ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

(၆) စပျစ်ခြုံတွင် ဝန်ထမ်း(၁၅)ဦးတို့အား အလုပ်မှ အဖြုတ်ခံရခြင်းအတွက် နစ်နာသူ(၆)ဦး၏ တိုင်ကြားစာအား ဆွေးနွေးခြင်း

(၁) ၃၀.၁.၂၀၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ပင်းချောင်း စပျစ်ခြုံတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း(၁၅)ဦးတို့အား အလုပ်မှ အဖြုတ်ခံရခြင်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်ကြားသူများထံသို့ ကုစားနိုင်မည့်နည်းလမ်းကို အကြောင်းပြန်ကြားခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှ လေ့လာတွေ့ရှိချက်များအရ ကော်မတီ၏ သုံးသပ်ချက်ကို တင်ပြပါမယ်ရှင်။

(၃) ကော်မတီ၏သုံးသပ်ချက်

(ကက) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်စိန် နှင့် တွေ့ဆုံရာ အလုပ်ဖြုတ်ခံရသူ (၆)ဦးသာရှိကြောင်း။

(ခခ) နိုင်ငံဝန်ထမ်း နည်းဥပဒေ၊ ဝန်ထမ်းများ၏ ကျင့်ဝတ်တွင် ပါရှိသည့် ကရုဏာကြေး ဆိုသည့် ခေါင်းစဉ်အောက်တွင် ပြဋ္ဌာန်းထားသည့် အတိုင်း တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ခံစားခွင့်များရအောင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးသင့်ကြောင်း သုံးသပ်ရပါသည်။

(စျ) စိမ်းလန်းစိုပြည်သဘာဝမြေ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၏ တိုင်ကြားစာအပေါ် ဆွေးနွေးခြင်း

(၁) ၁၃.၂.၂၀၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ဟောမာန်ကျေးရွာအုပ်စု၊ လတာချောင်းကျေးရွာရှိ စိမ်းလန်းစိုပြည်သဘာဝမြေ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ပေးပို့လာသော တိုင်ကြားစာနှင့်

စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှ လေ့လာတွေ့ရှိချက်များအရ ကော်မတီသုံးသပ်ချက်များကို တင်ပြပါမယ်ရှင်။

(၃) **ကော်မတီ၏ သုံးသပ်ချက်များ**

(က က) သမဝါယမဦးစီးဌာနအနေဖြင့် တရုတ်ချေးငွေဖြင့် ဆောင်ရွက်သော ချေးငွေလုပ်ငန်း ဖြစ်သဖြင့် ချေးယူသည့် သမဝါယမအသင်းမှ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရရှိရန် လိုအပ်ကြောင်း။

(ခ ခ) တစ်ပြိုင်နက်တည်းပင် အဆင့်မြင့်လယ်ယာ ဖော်ထုတ်ခြင်းဖြင့် တောင်သူ လယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးတို့အတွက် ပြဋ္ဌာန်းထားသော ဥပဒေပါ အခွင့်အရေးနှင့်အညီ မူလ တောင်သူလယ်သမားများအနေဖြင့် ယခုကဲ့သို့ အဆင့်မြင့်လယ်ယာကို အောင်မြင်ချောမွေ့စွာ မဆောင်ရွက်နိုင်ခြင်းကြောင့် လယ်ယာမဲ့ဘဝအဖြစ်သို့ ကျရောက်သွားမည့်အခြေအနေမျိုးလည်း မဖြစ်သင့်ကြောင်း သုံးသပ်ရပါသည်။ ကော်မတီ၏ ကွင်းဆင်းလေ့လာမှု(၂)ခုနဲ့ စပ်လျဉ်း၍ တင်ပြပါမယ်ရှင်။

(ည) **ကွင်းဆင်းလေ့လာစိစစ်မှု(၂)ခုနှင့် စပ်လျဉ်း၍ တင်ပြခြင်း**

(၁) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ တောင်သူ(၉)ဦးတို့၏ တိုင်ကြားစာနှင့် စပ်လျဉ်း၍ ကွင်းဆင်းလေ့လာစိစစ်သွားရောက်ခဲ့ရာ-

(က က) ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက ၁၄.၁၂.၂၀၁၇ ရက်တွင် အကြောင်းပြန်ကြားရာတွင် တိုင်ကြားသူ ဦးသန်းဝေပါ (၉)ဦးတို့သည် အငြင်းပွားသည့် မြေနေရာတွင် လက်ရှိလက်ငုတ် လုပ်ကိုင်သူများ မဟုတ်ကြောင်း။

(ခ ခ) အဆိုပါမြေနေရာကို ဦးသန်းဌေး အမည်ဖြင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခွင့်ပြုပြီး ဖြစ်သဖြင့် ဥယျာဉ်ခြံမြေအဖြစ် ဆက်လက်လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း မရှိသော်လည်း တိုင်ကြားသူ(၉)ဦးမှ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခွင့် သို့မဟုတ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခွင့်ကို သင့်လျော်သောနေရာ၌ လျှောက်ထားသင့်ကြောင်း။

(၈ ၈) ဦးသန်းဌေး သို့မဟုတ် ပုဂ္ဂလိက စိုက်ခင်းတည်ထောင် ခွင့်ပြုခဲ့သည့် မြေနေရာတွင် သစ်မာစိုက်ခင်း တည်ထောင်ခြင်း ရှိ/မရှိ

ပြန်လည်စိစစ်သွားမည်ဖြစ်ပြီး စိုက်ခင်းတည်ထောင်ထားမှု မရှိပါက ဌာနမှ ပြန်လည်သိမ်းယူသွားမည်ဟု အကြောင်းပြန်ကြောင်း။

(ဃဃ) ယင်းအကြောင်းပြန်ကြားချက်ကို ကာယကံရှင် တိုင်ကြားသူများနှင့် ဆက်စပ်ပတ်သက်သူများထံသို့ ၁၀.၁.၂၀၁၈ ရက်တွင် အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါသည်။

(၆) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အင်းလေးမြိုင်စက်မှုဇုန်ရှိ ငါးလေလံစျေးဆိပ်ကမ်းနှင့် စျေးကွက်အဆောက်အဦတို့ကို ကွင်းဆင်းလေ့လာခဲ့ရာ -

(၄) ငါးလေလံစျေးအဟောင်း၏ လက်ရှိအခြေအနေနှင့် ငါးလေလံစျေးအသစ်တည်ထောင်ရန် လုပ်ငန်းရှင်များ အပါအဝင် ရေလုပ်ငန်းနှင့် ဆက်စပ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ လူမှုအဖွဲ့အစည်းများတို့နှင့်ပါ တွေ့ဆုံခဲ့ကြောင်း။

(၅) ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ အပါအဝင် ရေလုပ်ငန်းနှင့် ဆက်စပ်သောအဖွဲ့အစည်းများက ငါးလေလံစျေး အဟောင်းကို ဆက်လက်၍ အလျင်အမြန် အကောင်အထည်ဖော်လုပ်ဆောင်ရန် ဆန္ဒပြုကြကြောင်း။

(၆) လေလံစျေးအသစ်ကို တည်ဆောက်ရန် စီမံချက်ချမှတ် ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းရှင်များကလည်း စီစဉ် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

(၇) ငါးလေလံစျေး အဟောင်းသည် ဥပဒေနှင့်အညီ တရားဝင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ အလျင်အမြန် အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်လျှင် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အတွက်ပါ အကျိုးအမြတ် အလျင်အမြန် ရရှိနိုင်ကြောင်း။

(၈) ငါးလေလံစျေးအသစ်ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်း မြင်သာအောင် ဆောင်ရွက်ပါက စျေးကွက်စီးပွားရေးစနစ်နှင့် ဆီလျော်သော ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်လင့်ချက်ထားရှိနိုင် မည်ဟု လေ့လာသုံးသပ်ရပါသည်။

နိဂုံး

၃။ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ၂၄-၂-၂၀၁၇ ရက်မှ ၆-၇-၂၀၁၇ ရက်ထိ အစီရင်ခံစာအပေါ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၄)ဦးက အကြံပြုဆွေးနွေးခဲ့ရာတွင် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ပိုမိုဆောင်ရွက်ရန် ကော်မတီအနေဖြင့် အဆိုများ၊ မေးခွန်းများ မေးမြန်းတင်သွင်းရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းများနှင့်ဆိုင်သော ဥပဒေများ ပြင်ဆင်ဖြည့်စွက်

ခြင်းများကို ဆတိုးဆောင်ရွက်ရန်၊ တိုင်ကြားစာများရှိပါကလည်း အရေးယူဆောင်ရွက်ရန် အကြံပြု တိုက်တွန်းချက်များအရ အဆိုအနေဖြင့် အတွင်းရေးမှူး ဒေါက်တာဝင်းမြင့် မှ ငါးတက္ကသိုလ် ဖွင့်လှစ်ရန် တိုက်တွန်းကြောင်း အဆိုတစ်ရပ်နှင့် ကော်မတီအဖွဲ့ဝင် ဦးခင်မျိုးဝင်း ၏ ငါးတင်/ငါးချ ဆိပ်ကမ်း ပေါ်ပေါက်ရေးနှင့် စနစ်တကျ တင်ပို့ရောင်းချရေးဆိုင်ရာ အဆိုတစ်ရပ်တို့ကို တင်သွင်းခဲ့ရာတွင် လွှတ်တော်မှ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ မေးခွန်းအနေဖြင့် ကော်မတီအဖွဲ့ဝင် ဦးခင်မျိုးဝင်း မှ တရားမဝင်ငါးဖမ်းဆီးခြင်း၊ စည်းကမ်း ပျက်ငါးဖမ်းခြင်းများ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားကြောင်း ဆိုသည့် မေးခွန်းကိုလည်း မေးမြန်းခဲ့ပါသည်။

၅။ ဝန်ကြီးဌာနမှ ပြုစုလျက်ရှိသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းကိုလည်း အကြံပြုဆွေးနွေးခြင်းကို ကော်မတီအနေဖြင့် အထက်တွင်ဖော်ပြ ထားသည့်အတိုင်း ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပါသည်။

၆။ တောင်သူများမှ တင်ပြလာသည့် တိုင်စာများအပေါ်တွင်လည်း အထက်တွင် တင်ပြခဲ့သည့် အတိုင်း လိုအပ်သလို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ရေလုပ်ငန်းကဏ္ဍ သုံးရပ်စလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
အမျိုးသားလွှတ်တော်

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

အချိန်၊ ၁၀း၅၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

အချိန်၊ ၁၀း၅၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

အချိန်၊ ၁၀း၅၅။

ဒေါ်အိအိပြုံး (အဖွဲ့ဝင်၊ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပြီး အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမနှင့် သတ္တမပုံမှန် အစည်းအဝေး ကာလအတွင်း အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းအစီရင်ခံစာအား ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်၍ အကျဉ်းချုပ်သာ ဖတ်ကြားသွားပါမယ်ရှင်။

ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန်နှင့် သတ္တမပုံမှန် အစည်းအဝေးကာလအတွင်း အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

နိဒါန်း

၁။ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူများ၏အသံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ နိုင်ငံအတွင်းရှိ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အလေးပေး၍ ကူညီဆောင်ရွက်နိုင်ရန် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအား ဖွဲ့စည်းခြင်းဖြစ်ပါတယ်။

ရည်ရွယ်ချက်

၂။ နိုင်ငံတော်အတွင်းရှိ အမျိုးသမီးနှင့်ကလေးသူငယ်များကို ရပိုင်ခွင့်နှင့်အခွင့်အရေးကဏ္ဍများ မြှင့်တင်ပေးနိုင်ရန်နှင့် ၎င်းတို့ရရှိမည့် အခွင့်အရေးများ ပြည့်ဝစွာခံစားနိုင်စေရန် လိုအပ်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ် ကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းနိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်ပါတယ်။

ကော်မတီများပြင်ဆင်ဖွဲ့စည်းခြင်း

၃။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၇)အရ ကော်မတီဝင်(၁၄)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗိုလ်မှူးကြီးမြင့်ဆွေ အစား ဗိုလ်မှူးကြီး အောင်လွင်အား အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးမှု အကျဉ်းချုပ်မှတ်တမ်း

၄။ ကော်မတီဟာ ပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကော်မတီညှိနှိုင်း အစည်းအဝေးများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ဥပဒေပြုပြီး နောက်စိစစ်ခြင်း (Post-Legislative Scrutiny) ကိုလည်းဆောင်ရွက်ခဲ့ပြီး JCC နှင့် သဘောတူညီထားသည့် Westminister Foundation For Democracy(WFD)၏ လုပ်ငန်းအစီအစဉ်တွင် ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဥပဒေပြုရေးမူဝါဒ၏ ဦးတည်ချက်များ ပြည့်မီရန် ထိရောက်သော အကဲဖြတ်စိစစ်ခြင်း သို့မဟုတ် ဥပဒေအကောင်အထည်ဖော်မှုအား စောင့်ကြည့် အကဲဖြတ်လုပ်ငန်းများအား သိရှိနားလည်နိုင်ရန် ဥပဒေပြုပြီးနောက် စိစစ်ခြင်း (Post-Legislative Scrutiny) လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါတယ်။ ဥပဒေပြုပြီးနောက် စိစစ်ခြင်း (Post-Legislative Scrutiny)တွင် အဆင့်(၁၇)ဆင့်ရှိပြီး ယနေ့အထိ အဆင့်(၁၀)သို့ ရောက်ရှိဆောင်ရွက်နေပါတယ်။ ထိုအစီအစဉ်အား ကျွမ်းကျင်ပညာရှင်တစ်ဦး မှ ၂၂-၁-၂၀၁၈ ရက်နေ့မှစတင်၍ ကူညီလုပ်ဆောင်ပေးနေပါတယ်ရှင်။

ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း

၁၁။ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှ ဥက္ကဋ္ဌ ဒေါက်တာမြသောင်းဦးဆောင်သည့် အဖွဲ့ဝင်(၉)ဦး၊ ရုံးအထောက်အကူဝန်ထမ်း(၃)ဦး၊ လုပ်မှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် UNICEF မှတာဝန်ရှိသူ(၂)ဦးတို့သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ၂၇-၁၁-၂၀၁၇ ရက်နေ့မှ ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ ကရင်ပြည်နယ်အတွင်းရှိ လုပ်မှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ကလေးသူငယ်များ၏ မြေပြင်ဘဝအခြေအနေ တိုးတက်မြင့်မားရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်လုပ်ငန်းများသို့ ကွင်းဆင်းလေ့လာရေး သွားရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် နိုင်ငံတော်နှင့်အတူ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်မှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒေသခံဌာနနှင့်အဖွဲ့အစည်းများ၊ အမျိုးသမီးနှင့်ကလေးအဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ ဗဟုသုတတိုးပွားရေးနှင့် အကြံပြုဆွေးနွေး သင်တန်းပို့ချမှု လုပ်ငန်းများကိုလည်း ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါ အခြေခံမူများနှင့်ကိုက်ညီမှုရှိ၍ ကလေးများ၏ ကောင်းမွန်သော လိုအပ်ချက်များကို ကလေးသူငယ်ဥပဒေတွင် ထည့်သွင်း ရေးဆွဲနိုင်ရန် ရည်ရွယ်ပါတယ်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၇-၁၁-၂၀၁၇ ရက်နေ့မှ ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ ကရင်ပြည်နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကလေးသူငယ်များ၏ မြေပြင်ဘဝအခြေအနေတိုးတက်မြင့်မားရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်လုပ်ငန်းများသို့လည်း သွားရောက်လေ့လာခဲ့ကြပါတယ်။

တိုင်ကြားစာများဆောင်ရွက်ခြင်း

၁၂။ ကော်မတီသည် အမျိုးသမီးနှင့် ကလေးသူငယ်ကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာ(၂၁)စောင်တို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့(၂)စောင်၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ (၅)စောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့(၄)စောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ (၁)စောင်၊ ကာယကံရှင်ထံသို့ ပြန်ကြားသည့်စာ(၂)စောင်၊ တိုင်ကြားစာပါ အကြောင်းအရာများ မပြည့်စုံ၍ သက်ဆိုင်ရာ မဲဆန္ဒနယ်ကိုယ်စားလှယ်သို့(၃)စောင်၊ တရားရုံး၏လုပ်ဆောင်ချက်များ စောင့်ကြည့်ရန် (၂)စောင်နှင့် ကော်မတီမှဆောင်ရွက်၍မရသည့် တိုင်ကြားစာ(၂)စောင်တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ဥပဒေများနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်

၁၄။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ၂၅-၁-၂၀၁၈ ရက်နေ့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအား အတွင်းရေးမှူး နော်လှလှစိုးနှင့် အဖွဲ့ဝင် ဒေါ်အိအိပြုံးတို့မှ တက်ရောက်ဆွေးနွေးခဲ့ပြီး ၁၄-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့)နေ့လယ် (၁:၀၀)နာရီတွင်လည်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် ဒေါက်တာတင်တင်ဝင်းနှင့် ဒေါက်တာဝင်းမြင့်ချစ် တို့သည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအား ဆွေးနွေးခဲ့ပါတယ်။

ကော်မတီဝင်များမှ အစည်းအဝေး တက်ရောက်မှု အကျဉ်းချုပ်မှတ်တမ်း

၁၆။ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အစီရင်ခံစာ တင်ပြီးချိန်မှ (ယနေ့ သတ္တမပုံမှန်) အစည်းအဝေးကာလကျင်းပချိန်အတွင်း ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည့်အစည်းအဝေးပေါင်း (၇၁)ခုရှိပါတယ်။

လေ့လာတွေ့ရှိချက်

၃၀။ ကော်မတီသည် ဥပဒေရေးပိုင်းဆိုင်ရာများကို ပိုမိုလုပ်ကိုင်နိုင်ခဲ့ပါသည်။ အမျိုးသမီးနှင့် ကလေးသူငယ်များကို ကာကွယ်ပေးနိုင်ရန် ကော်မတီရုံးခန်းတွင်သာမက ပြည်သူများနှင့် ထိတွေ့ဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်လာနိုင်ခဲ့ပါတယ်။ ဥပဒေပြုပြီးနောက် ပြန်လည်စိစစ်ခြင်း(PLS)ကို ကျွမ်းကျင်ပညာရှင်နှင့် တွဲဖက်ဆောင်ရွက်ရသောကြောင့် ကော်မတီဝန်ထမ်းများ၏ အရည်အသွေးများ မြင့်တက်လာခဲ့ပါတယ်။

ကော်မတီ၏ အကြံပြုချက်/သုံးသပ်ချက်

၃၁။ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ ပိုမိုများပြားလာသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သုတေသနများပြုလုပ်ခြင်း၊ ကာကွယ်ခြင်း၊ ထိရောက်စွာ

အရေးယူခြင်းတို့ကိုကော်မတီမှ လေ့လာစုံစမ်း၍ လွှတ်တော်တွင် မေးခွန်းမေးခြင်း၊ အဆိုတင်ခြင်းတို့ကို ပြုလုပ်သင့်ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေကိုလည်း လွှတ်တော်တွင် အမြန်ဆုံးအတည်ပြုနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တိုက်တွန်းသင့်ပါတယ်။ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အကာအကွယ်ပေးရန် လိုအပ်သည့် ဥပဒေများကို လေ့လာပြင်ဆင် ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။

နိဂုံး

၃၂။ မိမိတို့နိုင်ငံရှိ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ အခွင့်အရေးကဏ္ဍများ မြှင့်တင်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့တွင် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့ဖြင့် ကော်မတီ၏ ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

အချိန်၊ ၁၁း၀၄။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၁း၀၄။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယအကြိမ် အမျိုးသားလွှတ်တော်
ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့
အစည်းအဝေးမှတ်တမ်း

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်)
[သောကြာနေ့]

အချိန်၊ ၁၁း၀၅။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆက်လက်ပြုလုပ်သွားမှာ ဖြစ်တဲ့အတွက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြန်လည် ထွက်ခွာနိုင်ပါတယ်။

နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ဝင် ကိုယ်စားလှယ်၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခြင်း

အချိန်၊ ၁၁း၀၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ယခု ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ သိပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော် က နုတ်ထွက်သွားတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်က သမ္မတတစ်ဦး ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆၊ (၈) အရ နိုင်ငံတော်သမ္မတ အရည်အချင်းပြည့်စုံမှု ရှိ/မရှိ စိစစ်နိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့်အတူ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ကိုယ်စားလှယ် တစ်ဦး အမည်စာရင်း ပေးအပ်ရန်ပဲ ဖြစ်ပါတယ်။ ဒီလို အမည်စာရင်းပေးအပ်နိုင်ဖို့အတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ရဲ့ အမည်စာရင်းကို ပေးပို့သွားမယ်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကို တင်ပြပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ၏ အမည်အား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်နိုင်ရေး စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်း ပေးပို့သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာခြင်း

အချိန်၊ ၁၁း၀၇။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]